ပုင်ကောန်အီပိုန်တအာင်း
**Ta'ang Women's Organization**
တအာင်းအမျိုးသမီးအဖွဲ့ အစည်း
officeoftwo@gmail.com၊ 09403877690, 09403745985

**တအာင်းအမျိုးသမီးအဖွဲ့အစည်း၏ (ဒသမ)အကြိမ်မြောက်ညီလာခံ ထုတ်ပြန်ကြေညာချက်**

**စာမှတ် ၀၁/၂၀၂၅**

**ရက်စွဲ။ ။၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက်နေ့။**

၁။ တအာင်းအမျိုးသမီးအဖွဲ့အစည်း(TWO)၏ (၁၀)ကြိမ်မြောက်ညီလာခံ နှင့် အလုပ်အမှုဆောင်ကော်မတီအစည်း အဝေးကို ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်မှ (၃၁)ရက်နေ့အထိ တအာင်းဒေသတစ်နေရာတွင် ညီလာခံကိုယ်စားလှယ်များ၊ အကြံပေး ပုဂ္ဂိုလ်များ၊ စာရင်းစစ်အဖွဲ့များ၊ အဖွဲ့ဝင်များ၊ မြို့နယ်အလိုက် ကိုယ်စားပြုကိုယ်စားလှယ်များ၊ ကျေးရွာ အကြမ်းဖက်မှုလျှော့ချ ရေးကော်မတီဝင်များ၊ ကျေးရွာ အမျိုးသမီးကိုယ်စားပြုကော်မတီဝင်များ၊ အထူးဖိတ်ကြားခံရသူများနှင့် အရပ်ဖက်အဖွဲ့အစည်း အသီးအသီးမှ လေ့လာသူများ စုစုပေါင်း (၉၂)ဦးဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ညီလာခံအတွင်း ၂၀၂၃-၂၀၂၄ခုနှစ် (၂)နှစ်တာအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို အစီရင်ခံစာ အသီးသီးတင်သွင်းကာ သုံးသပ်ဆွေးနွေးခဲ့ကြသည်။ အဖွဲ့၏ အန္တိမပန်းတိုင်၊ မျှော်မှန်းချက်၊ ဖွဲ့စည်းပုံ၊ မဟာဗျူဟာများ၊ စံတန် ဖိုးများ၊ ရည်ရွယ်ချက်များ၊ မူဝါဒအချို့နှင့် နိုင်ငံရေး၊အမျိုးသမီးရေးအခြေအနေများကိုလည်း သုံးသပ်ပြင်ဆင်ကာ ရှေ့လုပ်ငန်း စဉ်များချမှတ်ခဲ့ကြသည်။ ထို့အပြင် ၂၀၂၅-၂၀၂၆ခုနှစ် ညီလာခံသက်တမ်းအတွင်း အဖွဲ့၏ လုပ်ငန်းများကို ဦးဆောင်လုပ်ဆောင် နိုင်ရန်အတွက် အလုပ်အမှုဆောင် ကော်မတီ (၁၁)ဦးနှင့် အတွင်းရေးမှူး အဖွဲ့ (၃)ဦးကို လျှို့ဝှက်မဲစနစ်ဖြင့် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြောက်ခဲ့ကြသည်။

၃။ မိမိတို့တအာင်းအမျိုးသမီးအဖွဲ့အစည်းအနေဖြင့် ငြိမ်းချမ်းရေး၊ ကျား-မတန်းတူရေး၊ တရားမျှတရေး၊ အာဏာရှင်စနစ်အပြီး သတ်ချုပ်ငြိမ်းရေး၊ တိုင်ရင်းသားတန်းတူရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးအပြင် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတည် ဆောက်ရေးတွင် အမျိုးသမီးခေါင်းဆောင်မှု အနည်းဆုံး ၃၀% ပါဝင်လာရေး တစ်စိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်သွားရန် ညီ လာခံမှ လမ်းညွှန် အတည်ပြုခဲ့ကြသည်။ အထူးသဖြင့် ယခုနှစ် တအာင်းပြည် တော်လှန်ရေးကာလအစိုးရဖွဲ့စည်းရေးကို ကြိုဆို ကြောင်းနှင့် အစိုးရဖွဲ့စည်းမှု ကဏ္ဍတိုင်းတွင် အမျိုးသမီးကိုယ်စားပြုပါဝင်မှုကို ထည့်သွင်းသွားရန် သက်ဆိုင်ရာအစုအဖွဲ့ အား လုံးကို တိုက်တွန်းသည်။ မိမိအဖွဲ့အနေဖြင့် တအာင်းပြည်တော်လှန်ရေးကာလအစိုးရတွင် အမျိုးသမီးဦးဆောင်မှုပါဝင်လာစေ ရေးအတွက် ပူးပေါင်းလုပ်ဆောင်ရန် အဆင်သင့်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ အပ်ပါသည်။

**ဆက်သွယ်ရန်**

Phone - 09 40387 7690
Signal – (+95) 9 40387 7690